# အောင်ဇာနည်ကုန်းကျေးရွာ

# နမ်းခမ်းအုပ်စု

# ဝန်းသိုမြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်ဇာနည်ကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

12/23/2020

# မာတိကာ


| | |
|---|---|
| ခေါင်းစဉ် | စာမျက်နှာ |
| မာတိကာ | ၁ |
| စကားချီး | ၅ |
| အောင်ဇာနည်ကုန်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုဖြို့နယ် | ၇ |
| အောင်ဇာနည်ကုန်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုဖြို့နယ် | ၈ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
( ခ) သဘာဝအရင်းအမြစ်များ ၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
( ငံ) ကျန်းမာရေးနှင့် အာဟာရ ၁၄
( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၆
( ငံ) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၆
( စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၇

(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၇
( ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၈
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၉
( ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၉
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၁
( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၀
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၂
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား ၂၂
အစီအစဉ် ကျသော ချိတ်ဆက်မှုများ
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၃
( ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၃
( ဂ) ဦးစားပေး စီမံချက်များ ၂၄
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၆
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၇
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၈
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၈
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၉
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၀
( ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၀
( ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၁

## နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၂
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၄
ရည်ညွှန်းချက်များ ၃၅
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈** လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်ဇာနည်ကုန်းကျေးရွာ
နမ်းခမ်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

## အောင်ဇာနည်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

**ရည်ညွှန်း- အောင်ဇာနည်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ** - အောင်ဇာနည်ကုန်းကျေးရွာ၊ နမ်းခမ်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုး ရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၂၁၊ နိုဝင်ဘာလ ၂၅ ရက်)

**အပိုင်း က**

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း**

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။** ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေး ရရှိနိုင် မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များ ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။** ။

အောင်ဇာနည်ကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းအုပ်စုတွင် ရှိသောကျေးရွာဖြစ်ပါသည်။ဝန်းသိုမြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး ဝန်းသိုမြို့နှင့် (၁၈)မိုင်ခန့်ကွာဝေးသော နမ်းခမ်းမှတဆင့် (၁)မိုင်ခန့်ဝေးသော အောင်ဇာနည်ကုန်း ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် ဝန်းသို-နမ်းခမ်း-ဗန်းမောက် မြို့နယ်ချင်းဆက်လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် ပိတောက်စိုက်ခင်းများနှင့် လယ်ကွင်းများ တည်ရှိပြီး ညောင်ကိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့တည်ရှိပါသည်။ တောင်ဘက်တွင် နမ်းခမ်းကျေးရွာနှင့် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းနှင့် နမ်းခမ်းဘူတာရုံရှိပါသည်။ အနောက်ဘက်တခေါ်ခန့်ဝေးသောနေရာတွင် ချောင်းငယ်တစ်ခုနှင့် လယ်ကွင်းနှင့် တောင်တန်းများ ရှိပါသည်။ စိုက်ပျိုးရေးအားထိုချောင်းမှ ရေတင်စက်နှင့် တင်၍ စိုက်ပျိုးကြပါသည်။မြောက်ဘက်တွင် ရာဘာခြံများရှိပြီး ထန်းတောကျေးရွာနှင့် ပန်းညိုကျေးရွာများရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ ။** ။ကျွန်တော်တို့ကျေးရွာအနီးပတ်ဝန်းကျင်တွင် သတ္တုနှင့် တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲနိုင်မှုမရှိပါ။ သဘာဝအပင်မျိုးစိတ်များ၊ဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိနိုင်ပြီး. အလွယ်တကူအသုံးချနိုင်ပါသည်။သဘာဝတောတန်းနှင့် ကျေးငှက်များဖြစ်သော ယုန်၊ခါ၊ငုံး၊တောကြက်၊ရော်ဘဲ၊ဂျိုးငှက်၊ဗျိုင်း စသော သဘာဝငှက်အမျိုးမျိုးတွေ့ရပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ကျောက်၊သဲ၊ကျောက်စရစ်များ ရှားပါးသဖြင့် အသုံးပြုနိုင်မှု ခက်ခဲကြပါသည်။

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျွန်တော်တို့ကျေးရွာ၏ လူဦးရေမှာ ၄၃၈ ဦးနေထိုင်ကြ ပါသည်။ နို့စို့အရွယ်ကလေးငယ် ကျား(၉) မ(၃)ဦး စုစုပေါင်း(၁၂)ဦးရှိပြီး မိခင်နို့ တိုက်ကျွေးကြ၍ ကျန်းမာသန်စွမ်းမှုရှိသည်ကို တွေ့ရှိရပါသည်။(၅)နှစ်အောက်ကလေးငယ် (၃၉)ဦးတွင် ပိုလီယိုရောဂါရှိသူ မိန်းကလေး(၁)ဦးနှင့် မွေးရာပါအရိုးကျိုးရောဂါရှိသူ မိန်းကလေး(၁)ဦး ရှိပါသည်။ မူလတန်းအရွယ်ကလေးငယ်များမှာ ကျား(၃၉) မ(၂၉)ဦးရှိပြီး (၃)မိုင်ခန့် ဝေးကွာသော

ကျောင်းသို့သွားရောက် ပညာသင်ကြားနေကြပါသည်။ အလယ်တန်းကျောင်းသား အရွယ် ကျား(၂၈) မ(၃၀) စုစုပေါင်း (၅၈)ဦး ရှိပြီး ကျောင်းပညာတက်ရောက်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၂၀) မ(၁၂၁) စုစုပေါင်း ၂၄၁ ဦးရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသည့်အတွက် နယ်ရပ်ခြားအခြားဒေသများသို့ သွားရောက်ခရီးထွက်၍ လုပ်ကိုင်ရှာဖွေစားသောက်နေကြရသည်ကို တွေ့ရှိပါသည်။ သက်ကြီးရွယ်အိုအဖိုးအဖွားများ ကျား (၅)ဦး မ(၁၅)ဦးရှိပြီး မိသားစုစောင့်ရှောက်မှုဖြင့် နေထိုင်ကြသူများဖြစ်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။** ။ကျွန်တော်တို့ရွာသည် အိမ်ခြေ(၈၂)အိမ်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စု (၄၁)ရှိပါသည်။ မွေးမြူရေးအား အဓိကဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (၂)အိမ်ရှိပါသသည်။စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းဖြစ်သော သတ္တုတူးဖော်ခြင်း၊ထုတ်ကုန်လုပ်ငန်း၊ယာဉ်စက်ကိရိယာပြင်ဆင်သောလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်၊ပြင်ပအဖွဲ့အစည်းများ၊ ကုမ္ပဏီများတွင်လုပ်ကိုင်သူများနှင့် ကျပန်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုများလည်းရှိပါသည်။အဓိဝင်ငွေရလုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအားတွဲဖက်လုပ်ကိုင်ကြသူများလည်း ရှိပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေသော အိမ်ထောင်စု(၉ )အိမ်၊ အလယ်လတ်ရှိသော အိမ်ထောင်စု (၃၆)အိမ်နှင့် မပြေလည်သောအိမ်ထောင်စု(၃၆)အိမ်နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၁)အိမ်ရှိပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၄၀%သည် မြေယာမဲ့များဖြစ်ပြီး ၅ဧက အောက် မြေယာပိုင်ဆိုင်သူ(၃၀%)၊ ၅ဧကအထက်ပိုင်ဆိုင် (၂၆%) နှင့် ၁၂.၅ ဧကအထက်ပိုင်ဆိုင်သူ ( ၄%) ရှိပါသည်။လယ်ယာမြေများသည် ကုန်းမြင့်ဒေသဖြစ်သောကြောင့် ရေမနေခြင်း ၊မိုးရေခံလယ်များဖြစ်ခြင်း၊သဲနှုန်းမြေ၊ရွှံ့စေးမြေစသော မြေအမျိုးအစားများဖြစ်ခြင်းကြောင့် မြေယာမဲ့များများပြားခြင်းဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်တို့ကျေးရွာတွင် ထွန်စက် (၄)စီး နှင့် ခြွေလှေ့စက် (၂)စီး၊ရေစုတ်စက်(၄)ခု၊ခြေနင်းရေတင်စက် (၁၄)နှင့် မြက်ရိတ်စက်(၁၃)ခု ရှိပါသည်။ စိုက်ပျိုးရေးသုံးကိရိယာများအား ကိုယ်ပိုင်ဝယ်၍ သုံးစွဲနိုင်သူနည်းပါးပြီး ငွေကြေးမတတ်နိုင်သည့် မပြေလည်သည့် အိမ်ထောင်စုများမှာ ဝယ်ယူနိုင်ခြင်းမရှိသဖြင့် ငှါးရမ်းသုံးစွဲကြပါသည်။ လယ်ယာသုံးအသေးစားစက်ကိရိယာများအား အစိုးရမှ တောင်သူများ လက်ထဲသို့အရောက်ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဆိုပါက လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အဆင်ပြေပြီး လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(၈) **ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု** ။ ။ ကျွန်တော်တို့ အောင်ဇာနည်ကုန်း ကျေးရွာတွင် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၄)အိမ် ရှိပြီး ဆင်းရဲ၍ မိသားစုများကြပါသည်။ ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှု စစ်တမ်းအရ ဆင်းရဲသောအိမ်ထောင်စု(၃၇)အိမ် ရှိသည့် အိမ်ထောင်စု (၅) အိမ်အား ဝမ်းစာ ဖူလုံမှု အခြေအနေနှင့် အကြွေးတင်မှု စစ်တမ်းကောက်ယူခြင်း ဆောင်ရွက်ရာ ၃လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု(၁) အိမ်ရှိပါသည်။ယင်းအိမ်ထောင်စုမှာ အသက်(၅၀) ကျော် လင်မယား (၂)ရှိပြီး ထီးပြင်ခြင်း၊ ပလပ်စတစ်ကောက်ခြင်း စသည့် လုပ်ငန်းများဖြင့် အသက် မွေးဝမ်းကျောင်းပြုရပါသည်။ သားထောက်သမီးခံမရှိ၍ အစားအစာလျော့စားခြင်း၊မိတ်ဆွေ(သို့) ဆွေမျိုးများထံမှ စားသုံးရန်အတွက် ချေးယူခြင်းများဖြင့် ဖြေရှင်းကြပါသည်။ ကျန်အိမ်ထောင်စုများ မှာ ၃ လနှင့် ၆လ ကြား ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု (၂) အိမ်နှင့် ၆ လနှင့် ၁၂လ အထိ ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု (၂) အိမ်ရှိပါသည်။ဂင်းအိမ်ထောင်စုများမှာ သံတိုသံစရောင်း ဝယ်ခြင်း၊ တရုတ်ပြည်နယ်စပ်ငှက်ပျောတောတွင် နေ့စားလုပ်ကိုင်ခြင်း၊ ပေါင်းနှူတ်၊မြက်ရှင်း၊ စပါးရိတ်ခြင်းစသည့် ကြုံရာကျပန်းအလုပ်များလုပ်ကိုင်ကြပြီး စားသုံးရန် အတွက် လုပ်အားခ ကြိုယူခြင်း အစာလျော့စားခြင်းများရှိပြီး ၊ သားသမီးပညာရေးအတွက် မိတ်ဆွေများ (သို့) ဆွေမျိုး များထံမှာ ချေးယူခြင်းဖြင့် ဖြေရှင်းနေရသော အိမ်ထောင်စုများလည်းရှိပါသည်။

ကျွန်တော်ကျေးရွာသည် တောတောင်များရှိခြင်းကြောင့် စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါးပြီး စိုက်ပျိုးရေမှာလည်း ဆောင်းရာသီနှင့်နွေရာသီကာလများတွင် စိုက်ပျိုးရေလုံလောက်မှု မရှိခြင်း ကြောင့် စိုက်ပျိုးရေးကို ကောင်းမွန်စွာ မလုပ်ကိုင်ကြ၍ စားနပ်ရိက္ခာမဖူလုံမှုများလည်း ရှိပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း မြင့်မားပြီး တိဘီရောဂါဖြစ်ပွားမှု အသင့်တင့်ရှိပါသည်။မူးယစ်ဆေးဝါး သုံးစွဲသူများရှိခြင်းကြောင့် ကိုယ်ခံအားကျဆင်းမှုရောဂါဖြစ်ပွားမှုများ အသင့်တင့်ရှိပါသည်။ တိရိစ္ဆာန် ကူးစက်ရောဂါကျရောက်မှုများ ရှိသော်လည်း နိမ့်ပါသည်။ မိုးခေါင်ခြင်းမှာ နှစ်တိုင်းကြုံတွေ့ရခြင်း မရှိသည့် အတွက် ထိခိုက်လွယ်မှုမရှိပါ။ အအေးလွန်ကဲခြင်းနှင့် အနည်းငယ် ဖြစ်တတ်ပါသည်။ သစ်တောပြုန်းတီးမှုများရှိသဖြင့် ရာသီဥတုမမှန်ခြင်း၊သောက်သုံရေရှားပါးခြင်း၊မိုးခေါင်ခြင်းများ အနည်းငယ်ခံစားကြရပါသည်။

ကျွန်တော်တို့ကျေးရွာ လူငယ်များသည် စာပေတတ်မြောက်မှုအားနည်းခြင်းကြောင့် ဗဟု သုတအားနည်းပါးကြခြင်း၊လူငယ်တို့၏ အရေးပါပုံကို မသိရှိကြခြင်းကြောင့် လူငယ်အခွင့်အရေး များ ဆုံးရှုံးနေကြခြင်း၊အားလပ်ချိန်များတွင် ဖုန်းသုံးနေကြခြင်းများဖြင့် အချိန်ကုန်ဆုံးနေခြင်း၊ စာဖတ်ခြင်း ပတ်ဝန်းကျင်စူးစမ်းလေ့လာခြင်းများ ပြုလုပ်ရန်လိုအပ်ခြင်းများကြောင့် စီးပွားရေး အခွင့်အလမ်းများ နည်းပါးပြီး ကျပန်းလုပ်ငန်းများလုပ်ကိုင်နေကြရပါသည်။ထို့ကြောင့် မိမိဒေသ အတွင်းအလုပ်အကိုင်ရှားပါးနေခြင်းကြောင့် ရပ်ဝေးများတွင် သွားရောက် စီးပွားရှာနေရခြင်းများ ကြောင့် စာပေလေ့လာရန် ဗဟုသုတရှာမီးရန် အချိန်မပေးနိုင်ခြင်းများကြောင့် လူငယ်များ

ထိခိုက်မှုများ မြင့်မားပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ မရှိခြင်းကြောင့် အမျိုးသမီး ဦးဆောင် အိမ်ထောင်စုများ ထိခိုက်မှုမြင့်မားပါသည်။မူးယစ်ဆေးဝါးသုံးစွဲသူများရှိသဖြင့် ကူးစက်ရောဂါများ ဖြစ်ပွားလာနိုင်မှုများ ထိခိုက်မှုရှိပါသည်။ထိုသို့မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် အမျိုးသားများသည် စီးပွားရေးကို ဦးဆောင်နိုင်မှုမရှိသဖြင့် အိမ်ထောင်ရှင်အမျိုးသမီးများ ၊မုဆိုးမများ မှ ဦးဆောင် နေရသဖြင့် စီးပွားရေးနိမ့်ကျမှုများရှိပါသည်။

မြေယာမဲဆင့်ရဲသားတောင်သူ (၃၃)ဦးရှိပြီး ထိုသူများမှာ လက်လုပ်လက်စားဘဝဖြင့် ရုန်းကန်နေရပါသည်။ သတ္တုရွှေတွင်းတွင် လုပ်သားအဖြစ်လုပ်ကိုင်သောသူများရှိပြီး မိသားစု စားဝတ် နေရေးအတွက် လှည့်လှည်စေ့းရောင်းချပြီး ကျပန်းလုပ်ကိုင်သူများမှာ ကျေးရွာစီးပွားရေး အဆင် မပြေမှုများကြောင့် ထိခိုက်မှုများရှိပါသည်။

**(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် စာမတတ်သူဦးရေ (၁၁)ဦးရှိပါသည်။ အထက်တန်း၊ တက္ကသိုလ်ထိ ကျောင်းနေသူ အလွန်နည်းပါးပြီး တက္ကသိုလ်ဘွဲ့ရသူမှာ (၁၃)ဦးခန့်နှင့် အထက်တန်းပညာပြီး မြောက်သူ (၃၁)ဦးရှိပါသည်။မူလတန်းကျောင်းထွက်ဦးရေ (၂၀၅) ဦး ရှိပြီး အလယ်တန်းအဆင့်ပြီး မြောက်သူ (၁၁၄ ဦး) ရှိပါသည်။ ကျေးရွာတွင်စာသင်ကျောင်းမရှိသည့် အတွက် အခြားကျေးရွာသို့ သွားရောက် သင်ကြားကြရပါသည်။ မူလတန်းအဆင့် လက်ရှိပညာသင်ကြားနေသူ (၇၄)ဦးရှိပြီး အလယ်တန်းပညာသင်ကြားနေသူ (၃၀)ဦးနှင့် အထက်တန်း တက်ရောက်နေသူ (၁၀ဦး)နှင့် တက္ကသိုလ်တက်ရောက်နေသူ (၇)ဦး ရှိကြပါသည်။ ကျောင်းသား မိဘများမှာ နေ့စား၊ ကျပန်း အလုပ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း သူများဖြစ်ရာ သားသမီး၏ ပညာရေးကို လှည့်မကြည့်နိုင် သောကြောင့် ကျောင်းထွက်နှုန်းများပြားကြရပြီး ဘွဲ့ရပညာတတ်များရှားပါးလှပါသည်။ထို့ပြင် မိဘများမှာ ပညာတတ်များနည်းပါးခြင်း၊စာပေဖတ်ရှုမှုလေ့လာမှုနည်းပါးခြင်းများကြောင့် လည်း ကောင်း မိမိတို့ကိုယ်၌မှစ၍ စာပေတတ်မြောက်မှုနှင့် စာပေဖတ်ရှုလေ့လာမှုကို အရေးပါမှုအဖြစ် သိမြင်မှုမရှိခြင်းကြောင့်လည်ကောင်း မိမိရင်သွေးများကိုလည်း ပညာရေးအားပေးမှု နည်းပါးခြင်း တို့ကြောင့် စာတတ်မြောက်သော လူငယ်များ ရှားပါးလာရပါသည်။

(င) **ကျန်းမာရေး နှင့် အာဟာရ။** ။ ကျွန်တော်တို့ရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန် တုတ်ကွေးနှင့် ဖျားနာခြင်းများ ပိုမိုအဖြစ်များကြပါပြီး ကျန်သည့် ရောဂါဖြစ်ပွားမှုများ မရှိပါ။ ရောဂါ ပျောက်ကင်းစေရန်အတွက် ဆေးမီးတိုများဖြင့်သာ ကုသကြပါသည်။ ထို့ကြောင့် ကျန်းမာရေး ကောင်းမွန်စေရန် စနစ်တကျနေထိုင်နနည်းများ၊ ကျန်းမာရေးဗဟုသုတများ ပိုမိုသိရှိလာစေရန် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ကာကွယ် ဆေးထိုးနှံ့မှုများရှိသော်လည်း နည်းပါးသည့်အတွက် အထူးဂရုစိုက် လုပ်ဆောင် ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(စ) **ကျားမဆိုင်ရာ ဆက်နွယ်မှု။** ။ ။ ကျွန်မတို့ကျေးရွာတွင်း

အဓိကဝင်ငွေရလုပ်ငန်းအလွန်နည်းပါးပါသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးသော ကျေးရွာဟုထင်မိပါသည်။ ကျွန်မတို့ရွာသည် စပါးစိုက်ပျိုးခြင်းနှင့်စပါးရိတ်သိမ်းခြင်းများတွင် နေ့စားအခကြေးငွေများဖြင့် နေ့စားလိုက်၍ လုပ်ကိုင်ကြပါသည်။ကျန်ရှိသောအချိန်များတွင် အလုပ်အကိုင်အခွင့်အလမ်းများပေါများသော ဒေသများသို့ သွားရောက်၍ ကျပန်းလုပ်ငန်းများကို နေ့စား၊လစားများဖြင့် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကျား၊မအလိုက် လုပ်အားခနှုန်းတားများ ကွာခြားမှုများ ရှိပါသည်။ လယ်ယာလုပ်ငန်းများ အတွက် (၁)ဦးလျှင် ကျား၊မ ၄၀၀၀ ရရှိပြီး အနည်းဆုံး ကျား ၃၅၀၀ နှင့် မ ၃၀၀၀ ရရှိကြပြီး သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် အမျိုးသားများ အများဆုံး ၆၀၀၀ နှင့် အမျိုးသမီးများ ၅၀၀၀ ရရှိပြီး အနည်းဆုံး ကျား ၅၀၀၀ နှင့် မ ၄၀၀၀ ရရှိကြပါသည်။အရောင်းအဝယ်လုပ်ငန်းများတွင် ကျား၄၀၀၀၊မ ၃၀၀၀ ရရှိပြီး အနည်းဆုံး ကျား ၃၀၀၀ နှင့် မ ၂၅၀၀ ရရှိကြပါသည်။ အလုပ်အကိုင်အခွင့်လမ်းများရှားပါပြီး စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် စိုက်ပျိုးမြေ များနည်းပါးသည့်အတွက် တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုလားကြသော်လည်း အရင်းအနှီးစိုက်ထုတ်ရန် ငွေကြေးရှားပါးများရှိပါသည်။

ကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်ခေါင်းဆောင်ခွင့်မရှိပါ။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများအား နေရာပေးမှုမရှိခြင်း ၊ယုံကြည်မှုအားနည်းခြင်း၊ ရှေးရိုးစွဲအယူအဆများရှိခြင်း၊အုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများ ရွေးချယ်ခံခွင့် မရှိခြင်းများကြောင့် ဖြစ်သည်။ ကျေးရွာရှိ အမျိုးသမီးများသည် မိမိတို့ကိုယ်တိုင် မိမိ၏အရေးပါမှု၊ ဦးဆောင်နိုင်သူဆိုတာကိုမသိခြင်း (ဥပမာ) အိမ်ထောင်ရှင်အမျိုးသမီးများသည် အိမ်တစ်အိမ်၏ ကျန်းမာရေး၊လူမှုနေထိုင်မှု၊သားသမီး ပညာရေး၊တွေးခေါ်မှုစိတ်ဓါတ် များကို ပုံဖော်ပေးနေရသူများဖြစ်ပါသည်။ထို့ပြင် အမျိုးသမီးများသည် ကိုယ်ပိုင်တပိုင်တနိုင်ဝင်ငွေမရှိခြင်း၊ အပြင်ဗဟုသုတရှာဖွေမှုနည်းပါးခြင်း၊မိသားစုကိုသာ အာရုံစိုက်နေရခြင်း၊ ပညာတတ်နည်းပါးခြင်း၊ စာပေဖတ်ရှုလေ့လာမှုအားနည်းခြင်းများကြောင့် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးအားနည်းကြောင်းတွေ့ရှိရပါသည်။သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် လူမှုအဖွဲ့ အစည်း များတွင် အမျိုးသမီးများတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာရှိအမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်းကြောင့် အမျိုးသမီးများ တနိုင်တပိုင်ဝင်ငွေရရှိရန် အိမ်တွင်းမှု လက်မှုပညာများ ၊မုန်လုပ်နည်းများ စသည့် အိမ်တွင်း နေထိုင်ပြီး ဝင်ငွေရရှိနိုင်သော ပညာရပ်များကို ကျေးရွာအရောက်သင်တန်းများပို့ချခြင်းဖြင့် အမျိုး သမီးများဝင်ငွေရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။ထို့ပြင် ကျေးရွာ၌ လွန်ခဲ့သောနှစ်အတွင်း အမျိုးသမီးများအား သံသယဖြစ်ဖွယ် တိုင်ကြားမှုအချို့ရှိပါသဖြင့် အမျိုးသမီး များကို ကျန်းမာရေး၊ဗဟုသုတပေးဟောပြောခြင်းများ၊ အမျိုးသမီးများနှင့်ပတ်သက်သော ဥပဒေများ နှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက် ပေးရန်

လိုအပ်လှပါသည်။

**(၄) ကဏ္ဍအသီသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်များ ဘာသာရေး အသိအမြင် ကြွယ်ဝစေရန်အတွက် ဓမ္မစကူးများဖွင့်လှစ်ထားရှိပါသည်။ ကျေးရွာသာရေးနာရေး၊ဘာသာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်း ကိစ္စရပ်များဆောင်ရွက်ရန်အတွက် အမျိုးသား/သမီး အဖွဲ့၊ ဆွမ်းချက်အဖွဲ့၊ဟင်းချက်အဖွဲ့များဖွဲ့စည်းထားပြီး ကျေးရွာအကျိုးအား တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။** ကျွန်တော်တို့ကျေးရွာတွင် လယ်ယာမြေစုစုပေါင်း (၁၁၄.၇)ဧကရှိပြီး တောင်ယာမြေဧက(၇၃)ဧက ၊ဥယျာဉ်ခြံ (၃၄.၅)ဧက နှင့် မြေလွတ်မြေလပ် (၈၆)ဧက ရှိပါသည်။ကျွန်တော်တို့ကျေးရွာ၏ မြေအမျိုးအစားမှာ မြေနီ၊မြေဝါ၊သဲမြေ၊ကျောက်စရစ်စသည့် မြေများဖြစ်သည့်အတွက် မြေဆီ အရေအသွေး မကောင်းပါ။ထို့ပြင် မိုးရာသီတွင်သာ စိုက်ပျိုးရေးကို လုပ်ကိုင်ကြရပြီး ကျန်ရာသီများတွင် ရေရှားပါးခြင်းကြောင့် တနိုင်တပိုင်စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် အခက်အခဲများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေအဖြစ် အသုံးပြု သည့် ဆည်များ၊ရေလွှဲဆည်များမရှိသဖြင့် မိုးရေကိုသာအဓိကထားစိုက်ပျိုးကြရပါသည်။

ကျေးရွာ၌ ဆန်စပါးအား အဓိကထားစိုက်ပျိုးကြပြီး တောင်ယာများတွင်လည်း နှမ်းစိုက်ပျိုးကြသူများလည်းရှိပါသည်။စပါးစိုက်တဧကလျှင် အနည်းဆုံး ပျမ်းမျှ(၂၅)တင်း ရပြီး အများဆုံး (၅၀)ခန့်သာ ရရှိကြပါသည်။ မိုးတွင်တွင်သာစိုက်ပျိုး၍ရသည့် တစ်သီးစား စိုက်ပျိုးရေးဖြစ်ပါသည်။လယ်မြေများသည် ကုန်းမြင့်တွင်ဖြစ်သော်ကြောင့် ရေမနေခြင်း ၊မိုးရေခံ လယ်ဖြစ်ခြင်း၊ သဲနှုန်းမြေ၊ရွှံ့စေးမြေစသော မြေများဖြစ်သည့်အတွက် စပါးအထွက်နှုန်းနည်းပြီး ဝမ်းစာဖူလုံရုံလောက်သာရရှိကြပါသည်။ ထို့ပြင် သီးနှံအထွက်နှုန်းနည်းပါးခြင်း ဝမ်းစာဖူလုံမှု လောက်သာရရှိခြင်များကြောင့် ရောင်းချရန်အတွက် လုံလောက်မှုမရှိသဖြင့် ဈေးကွက်မရှိပါ။

စပါးအပြင် နှမ်းအား စိုက်ပျိုးကြသူများရှိသော်လည်း တစ်ဧကလျှင် အများဆုံး (၅)တင်းသာ ရရှိကြပါသည်။ မိုးစပါးစိုက်ပျိုးချိန်သည် နယုန်လတွင်စတင်စိုက်ပျိုးကြပြီး နတ်တော်လတွင် စိုက်ပျိုးရိတ်သိမ်းချိန်ကြပါသည်။ နှမ်းအားတော်သလင်းလတွင်စတင်စိုက်ပျိုးကြပြီး နတ်တော်လတွင် ရိတ်သိမ်းကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်စက် ပိုင်ဆိုင်သူ(၄)ဦးရှိပြီး ခြွေလှေ့စက်ပိုင်ဆိုင်သူ(၂)ဦး ရှိပါသည်။ လယ်ယာသုံးစက်ပစ္စည်းများအား ကိုယ်ပိုင်ဝယ်ယူရန် ငွေကြေးအင်အားရှိသူနည်းပါး၍ ငှါးရမ်းသုံးစွဲကြသူ များပြားကြပါသည်။ လယ်ယာသုံး စက်ပစ္စည်း များအား အစိုးရမှ တောင်သူလယ်သမားများ လက်ထဲအရောက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်ချပေးပါက ခေတ်မှီသော စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်၍ သီးနှံအထွက်များ တိုးပွားလာမည်ထင်မြင်မိပါသည်။

ကျွန်တော်တို့ကျေးရွာသည် သီးနှံအထွက်တိုးစေရန်အတွက် သဘာဝရေမြေရာသီဥတု အနေအထားအရ သင့်တင်မျှတမှုရှိပါသည်။ ချေးငွေနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။ လုပ်သားအင်အားများလည်း လိုသလောက်ရရှိနိုင်ပါသည်။ မျိုးကောင်းမျိုးသန့်များအား ဝယ်ယူ ရရှိနိုင်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် လယ်ယာမြေအသုံးချနိုင်မှုနည်းပါး၍ ပလပ်မြေ အသင့်တင့်ရှိပါသည်။ စိုက်ပျိုးမြေသည် ကုန်းမြင့်ဖြစ်သောကြောင့် ရေနေမှုမရှိသဖြင့် ရေတင်စက်များအသုံးပြု၍ စိုက်ပျိုးရသဖြင့် စိုက်ပျိုးစရိတ်နှင့် သီးနှံရရှိမှုဝင်ငွေမကာမိခြင်းများ ဖြစ်နေကြရပါသည်။သီးနှံအထွက်နှုန်းမှာလည်းကောင်းမွန်မှုမရှိသဖြင့် ဝမ်းစာဖူလုံမှုမရှိပါ။ စိုက်ပျိုးရေးချေးငွေနှင့် ဝန်ဆောင်မှုအား မြန်မာလယ်ယာစိုက်ပျိုးရေးဘဏ်တွင် ရရှိနိုင်သော်လည်း လယ်ဂရန်ကို အပေါင်ပစ္စည်းအဖြစ်တင်ပြရပါသည်။ ချောင်း၊မြောင်း၊ကန်များမရှိသဖြင့် စိုက်ပျိုးရေ အလွယ်တကူမရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ သီးနှံမျိုးစေ့များအား ဝန်းသိုမြို့တွင် လည်းကောင်း၊ ကောလင်းမြို့တွင်လည်းကောင်း ဝယ်ယူရရှိနိုင်သော်လည်း ခရီးဝေးကွာ လှသည့် အတွက် အလွယ်တကူ မရရှိနိုင်ပါ။ အော်ဂဲနစ်မြေဩဇာနှင့် အခြားသွင်း အားစုများ မရရှိနိုင်ပါ။ စပါးအထွက်နှုန်းနည်းပါးပြီး ဈေးနှုန်းမှန်ကန်မှုမရှိခြင်းကြောင့် ဈေးကွက်မရှိပါ။ သဘာဝ မြေဇီဩဇာများ အသင့်တင့် ရရှိနိုင်သော်လည်း ကျွံနွားများ မွေးမြူသူနည်းပါးလာပြီး လယ်ယာသုံး ပစ္စည်း ထွန်စက်များ အသုံးပြုလာခြင်းကြောင့် သဘာဝမြေဇီဩဇာများ အလွယ်တကူမရရှိနိုင်ပါ။ သီးနှံအထွက်တိုးစေရန် စိုက်ပျိုးရေး နည်းပညာမရှိခြင်း၊ ဝန်ဆောင်မှုများမရှိခြင်းကြောင့် စိုက်ပျိုးရေး အသိပညာပေးခြင်း များသဘာဝဓါတ်မြေဩဇာများနှင့် အခြားဓါတုဗေဒသွင်း အားစုများ ကို နည်းစနစ်မှန်ကန်စွာ သုံးစွဲနိုင်ရေးနည်းလမ်းများကို ကျေးရွာတွင် စိုက်ပျိုးရေး နည်းပညာ သင်တန်း များ ဖွင့်လှစ်ပေးပါက စိုက်ပျိုးရေး နည်းစနစ်များ ရရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ တဖြည်းဖြည်း ကူးပြောင်း လာခြင်းကြောင့် ကျေးရွာများ၌ ကျွံနွားများမြူခြင်း နည်းပါလာသည်ကို တွေ့ရှိရပါသည်။ မွေးမြူရေးအား တနိုင်တပိုင်မွေးမြူရေးလုပ်ကိုင်ကြပြီး စီးပွားဖြစ်မွေးမြူသူနည်းပါးကြပါသည်။ နို့စားနွားမွေးမြူသောအိမ်ထောင်စု ၁၁ အိမ်တွင် နွား (၃၆)ကောင်ရှိပြီး ကျွဲမွေးမြူသောအိမ်ထောင်စု (၂၂)အိမ်တွင် ကျွဲကောင်ရေ ၆၉ နှင့် ဝက်မွေးမြူသောအိမ်ထောင်စု (၃၅)အိမ်တွင် ကောင်ရေ (၈၉)

ကောင်နှင့် ကြက်မွေးမြူသော အိမ်ထောင်စု (၃၉) အိမ်တွင် ကောင်ရေ (၃၂၁) ကောင်ရှိပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု (၂)စုရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စာကျက်မြေများအသင့်တင့် ရှိပြီး ကြက်နှင့်ဝက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိမ်ခြံဝင်းမြေနေရာများ အလုံအလောက်ရှိပါသဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိပါသည်။ သို့သော် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် ရေရှားပါးမှု အခက်အခဲများရှိပါသည်။ ထို့ပြင် မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်သော ချေးငွေများမရရှိကြသဖြင့် ဝက်မွေးမြူရေးလုပ်ကိုင်ရန် ဆန္ဒရှိသော ရွာသားများမှ နည်းပညာနှင့် ချေးငွေလိုအပ်လျက်ရှိကြောင်းနှင့် မွေးမြူရေးချေးငွေများ ရရှိနိုင်ရန် မျှော်လင့်လျက်ရှိပါသည်။ မျိုးကောင်းတိရိစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ခြင်း၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများလွယ်ကူစွာ ဝယ်ယူမရနိုင်ခြင်းများလည်း ရှိပါသည်။ ကျေးရွာ၌ မွေးမြူရေး အသိပညာပေးခြင်း မွေး/ကုဋ္ဌာနများမှ ကျေးရွာအရောက် အသိပညာပေးခြင်း/ လာရောက် ဝန်ဆောင်ကုသမှုပေးခြင်းများမရှိခြင်း၊ ငွေကြေး မပြည့်စုံခြင်းများကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးကြောင်းတွေ့ရှိရပါသည်။ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လိုသော အိမ်ထောင်စုများမှာလည်း ကျေးရွာတွင် ယခင်နှစ်မှ စတင်၍ မွေးမြူခြင်းကြောင့် ငါးသားပေါက် အလုံအလောက် မရရှိနိုင်ခြင်းများရှိပါသည်။ထို့ပြင် ငါးသားပေါက်များအား ကောလင်း မြို့နယ်မှ ကားငှါး၍ ဝယ်ယူရသဖြင့် လမ်းတွင်အသေအပျောက်များရှိပြီး လိုချင်သော ငါးအမျိုးအစား အား ဝယ်ယူရန် အခက်အခဲရှိခြင်းကြောင့် ငါးမွေးမြူရေး လုပ်ကိုင်လိုသူ နည်းပါး ကြပါသည်။ ငါးမွေးမြူရေး လုပ်ကိုင်ရန် ကန်ပြုပြင်ခြင်းနှင့် နည်းပညာအသိ မသိရှိခြင်းကြောင့် အခက်အခဲများ လည်းရှိသဖြင့် မွေးမြူရေးဆိုင်ရာအသိပညာများနှင့် နည်းပညာများ လိုအပ်လျက် ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်ပေးပါက ဆောင်ရွက်ပေးပါက စီးပွားဖြစ် မွေးမြူလိုသူများ စီးပွားရေး အခွင့်အလမ်း တိုးတက်လာမည် ဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်း များအနေဖြင့် ကျောက်ဂွေပြုလုပ်ခြင်း။ အုတ်လုပ်ခြင်းလုပ်ငန်း၊ ရွှေတူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လုပ်သားအင်းအားရရှိနိုင်ပါသည်။ အခြားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ကုန်ကြမ်းများလည်း အသင့်တင့်ရရှိနိုင်ပြီး လျှပ်စစ်မီးရရှိနိုင်သဖြင့် စိုက်ပျိုးမွေးမြူရေးအဟုတ်သော အသက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခွင့် အလမ်းများရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြား

ဒေသ ထွက်ကုန်များမှာ ရောင်းချရန် စျေးကွက်မရှိသည့်အပြင် စျေးကွက်ဆိုင်ရာ အသိအမြင်များလည်း နည်းပါးကြ၍ ရရာစျေးနှုန်းများဖြင့် ရောင်းဝယ်ကြရပါသည်။ ဒေသထွက်ကုန်ကြမ်းများမှာလည်း ကုန်ချောထုတ်ရန်စက်ရုံများရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများလိုအပ်လျက်ရှိပါသည်။ထို့ကြောင့် အလုပ်နှင့်လိုက်လျောညီထွေသော(သို့) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါး ကြပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ။** ။ကျွန်တော်တို့ကျေးရွာတွင် ရပ်ရွာမှ ထွက်၍ စားဝတ်နေရေးအတွက် ပြည်တွင်း၌ အလုပ်ရှာဖွေကြသည့်အိမ်ထောင်စု (၁၂)အိမ်တွင် (၂၀)ဦးရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အချို့မှာ ဖားကန့်မြို့သို့သတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက်လည်းကောင်း မြစ်ကြီးနားမြို့သို့ စိုက်ပျိုးရေးအင်္ဂါးလုပ်ငန်းလုပ်ကိုင်ရန်အတွက်လည်းကောင်း သွားရောက်ကြပါသည်။ ထို့သူများ၏ စီးပွားရေးရပ်တည်နိုင်မှုအခြေအနေမှာ အလယ်အလတ်အဆင့်သာရှိပါသည်။ ထို့သို့ရွှေ့ပြောင်းသွားလာရခြင်းအကြောင်းအရင်းမှာ မိမိဒေသအတွင်း၌အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း လုပ်အားခအခကြေးငွေနည်းပါးခြင်းကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေရအခွင့်အလမ်းများ ရှာဖွေရန်အတွက် ရွှေ့ပြောင်း သွားလာကြခြင်းဖြစ်သည်။ မိသားစုများမှ ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားအိမ်ထောင်စု(၁၂)အိမ်ရှိသည့်အနက် (၃)အိမ်မှာပြန်ပို့ငွေကို အဓိကထား နေရသော အိမ်ထောင်စုများဖြစ်ပြီး အလယ်အလတ်မှီခို နေရသော အိမ်ထောင်စု(၅) အိမ်နှင့် ပြန်ပို့ငွေမှီခိုရသော အနိမ့်ဆုံးအိမ်ထောင်စု (၄) အိမ်ရှိပါသည်။ ပြန်ပို့ငွေလမ်းကြောင်းမှာ ဘဏ်ဖြင့်လည်းကောင်း ၊ လူကြုံဖြင့်လည်းကောင်း အသုံးပြုကြပါသည်။

(c) **ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။** ။ ကျွန်တော်တို့ကျေးရွာနှင့် အနီးဆုံးစျေးမှာ နမ်းခမ်းစျေးဖြစ်ပြီး (၁.၅)မိုင်ခန့်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးအဖြစ် ဆိုင်ကယ်အား အဓိကထားသုံးစွဲကြရပြီး မပြေလည်သော သူများမှာ ခြေလျင်သွားကြပါသည်။ အနီးဆုံးစျေး ဖြစ်သည့် နမ်းခမ်းစျေးတွင် ကုန်စည်၊ကုန်ခြောက်များ၊မီးဖိုချောင်သုံးပစ္စည်းနှင့် အဝတ်အထည်များ ရရှိနိုင်ပြီး စျေးအဆောက်အဦနှင့် ဝန်ဆောင်မှုမှာ အလွန်ညံ့ပါသည်။စျေးအတွင်းရှိ အဆောက်အဦနှင့် စျေးအတွင်းလမ်းများမှာ မြေမညီညာ၍ ချိုင့်ကွက်များပေါများခြင်း၊ရွံ့ဗွက်များထခြင်း၊ အဆောက်အဦများမှာ သပ်ရပ်မှုမရှိခြင်း၊စျေးသည်များကြပ်တည်းနေခြင်းကြောင့် အနံ့အသက်မကောင်းခြင်းများရှိပါသည်။ ထို့ကြောင့် စျေးအတွင်းလမ်းများကောင်းမွန်အောင်ပြုလုပ်ပြီး ဆိုင်ခန်းများအား စနစ်တကျချထားပေးရန် လိုအပ်ပါသည်။ အကြီးဆုံးစျေးမှာ ဝန်းသိုမြို့နှင့်ေ ကာလင်းမြို့တွင်ရှိပြီး ကျေးရွာနှင့် (၁၉)မိုင်နှင့် (၂၉)မိုင်ခန့်ကွာဝေးပြီး စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်း၊ အဝတ်

အထည်နှင့် ဆောက်လုပ်ရေး ပစ္စည်းများအား စုံလင်စွာရရှိနိုင်ပြီး ဈေးအဆောက်အဦးမှာ ကောင်းမွန်ပြီး ဝန်ဆောင်မှုအသင့်တင့်ရှိပါသည်။

**(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။** ။ ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ် နှင့် သမဝါယမ ဘဏ်များမှ ချေးငွေများ ရရှိပါသည်။ အတိုးနှုန်းမှာ (၃)လမှ (၆)လအထိ ဖြစ်ပြီး အတိုးနှုန်း မှာ (၂%)သာ ဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံပစ္စည်းအဖြစ် ယူဆောင်သွားရသည်။သမဝါယမဦးစီးဌာနမှလည်း ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျရောင်းချပေးခြင်းများလည်းရှိပါသည်။သို့သော သီးနှံ အထွက်နှုန်းမကောင်းခြင်း အလုပ်အကိုင်အခွင့်အလမ်းများမကောင်းခြင်းများကြောင့် ဝယ်ယူနိုင်မှုမရှိပါ။ ထို့ပြင် မိတ်ဆွေနှင့် ဆွေမျိုးများထံမှာကာလတိုချေးငွေများရရှိနိုင်ပြီး အပေါင်ခံပစ္စည်းမလိုအပ်ပဲ အတိုးမဲ့ချေးငွေများရရှိနိုင်ပါသည်။

**(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ ကျွန်တော်တိုကျေးရွာစိုက်ပျိုးရေးအပင်များ၌ ဖျက်ပိုးနှင့် သီးနှံဖျက်ပိုးများ ရှိပါသည်။ ရာသီပေါ်သီးနှံများကိုလည်း ဖျက်ပိုးများကျရောက်တတ်ပါသည်။ ရာသီပေါ်သီးနှံပင်များကို ပိုးမကျအောင် ပြာပက်ခြင်း၊ပိုးကျသော အရွက်အညွှန့်များကို ဖြတ်ထုတ်ခြင်း ပိုးသတ်ဆေးဖြန်းခြင်းများပြုလုပ်ကြပါသည်။ တပေါင်းတကူး ကာလများတွင် ရေများခမ်းခြောက်သဖြင့် သောက်သုံးရေနှင့် ရာသီပေါ်သီးနှံစိုက်ပျိုးရန် အခက်အခဲများရှိပါသည်။ ကျွန်တော်တို့ရွာ မြေဆီဩဇာအခြေအနေမှာ စိုက်ပျိုးမြေကနှင့် မြေဆီဩဇာပမာဏ လုံလောက်စွာ အသုံးမပြု နိုင်သော ခက်ခဲမှုများရှိပါသည်။

**(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** ။ ကျွန်တော်တို့ ကျေးရွာသည် စာသင်ကျောင်းမရှိသည့်အတွက် ရွာမှ (၁)ဖာလုံခန့်အကွာအဝေးတွင် ရှိသော နမ်းခမ်းအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျောင်းသို့ စက်ဘီး၊ ခြေလျှင်ဖြင့်သွားကြပြီး အချို့မိဘများမှ ဆိုင်ကယ်ဖြင့် အကြိုအပို့ပြုလုပ်ခြင်းများရှိပါသည်။

ကျေးရွာတွင် ဆေးဆိုင်၊ဆေးခန်းများ မရှိသော်လည်း ကျေးရွာနှင့် တမိုင်ခန့် ကွာဝေးသော နမ်းခမ်းကျေးရွာတွင် တိုက်နယ်ဆေးရုံနှင့် ဆေးဆိုင်များရှိပါသည်။ သို့သော် ဆေးဝါးများမစုံလင်ခြင်း ဆေးဝါးမလုံလောက်ခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ စုံလင်စွာမရှိခြင်း၊ ဝန်ထမ်းအင်အားနည်းပါးခြင်းများ ကြောင့် အခက်အခဲများရှိပါသည်။

ကျွန်တော်တို့ကျေးရွာသည် ရေတွင်း(၁၇)တွင်းနှင့် အဝီစိတွင် (၁)တွင်းရှိပါသည်။သို့သော် ဆောင်းရာသီနှင့် မိုးရာသီများတွင် လက်တူးတွင်းရေဖြင့် ကျေးရွာအတွက် သောက်ရေသုံးရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် ရေနည်းပါးခြင်းကြောင့် သောက်သုံးရေ လုံလောက်မှု

မရှိပါ။ ဆောင်းအကုန်နွေအကူးကာလမှစ၍ ရေတွင်းများ ခမ်းခြောက်ခြင်းကြောင့် ရေရှားပါးမှုအား နှစ်စဉ်ကြုံတွေ့နေရပါသည်။ထိုကာလများတွင် ရေကိုခြွေတာသုံးစွဲခြင်း၊ ရေကိုအလှည့်ကျခပ်ခြင်း၊ သန့်ရှင်းမှုမရှိသော ရေအိုင်များမှ ရေကို သုံးစွဲနေရခြင်းဖြင့် ဖြေရှင်းနေကြရပါသည်။ ထို့ကြောင့် သောက်သုံးရေလုံလောက်စွာရရှိနိုင်ရန်အတွက် သောက်သုံးရေကန်များ အဝိစိတွင်းများ တူးဖော်ပေးရန်လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ရေကန်များအား သန့်ရှင်းစေရန်အတွက် ဆေးဖြန်းပေးခြင်း၊ ကျန်းမာရေးဆေးဘက်ဆိုင်ရာအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

ကျေးရွာသူ/သားများအားလုံးသည် ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စု(၆၅)အိမ်ရှိပြီး (၁၄)အိမ်မှ တွဲသုံးကြပါသည်။ တွင်းအိမ်သာ သုံးစွဲသောအိမ်ထောင်စု(၂)အိမ်နှင့် အိမ်သာမရှိသည့် အိမ်ထောင်စု(၁)ခုသာရှိပါသည်။ တချို့နေအိမ်များတွင် အိမ်သာမရှိခြင်းကြောင့် တွဲသုံးနေရခြင်း ယင်လုံအိမ်သာမရှိခြင်းများကြောင့် ကျန်းမာရေးချို့ယွင်းမှုများလည်းရှိပါသည်။ ထို့ကြောင့် အိမ်တိုင်း ယင်လုံအိမ်သာ သုံးစွဲစေရန်အတွက် ကျန်းမာရေး အသိပညာပေးခြင်းများ လိုအပ်လျက်ရှိပါသည်။

**(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)။** ။ ကျွန်တော်တို့ကျေးရွာရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရွာတွင်းလမ်းများမှာ ဗွက်ထခြင်းနှင့် ရေကျော် ခြင်းများရှိပြီး နွေရာသီတွင် ဖုန်ထခြင်းများလည်းရှိပါသည်။နမ်းခမ်း-ဗန်းမောက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ကျွန်တော်တို့ကျေးရွာအလယ်အား ဖြတ်သန်းသွားသည့်အတွက် ကောင်းမွန်မှုရှိပါသည်။ ကျေးရွာတွင် တံတား (၁)စင်း ရှိပြီး နှစ်ကြာမြှင့်ပြီဖြစ်၍ အိုဟောင်းပျက်စီးနေသဖြင့် တံတားအသစ်ဆောက်လုပ်ရန် လိုအပ်ပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ နွားလှည်း၊ စက်ဘီး၊သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ၊ ဆိုင်ကယ်နှင့် ကားများကိုသာအသုံးပြုပါသည်။ ခြေလျှင်သွားလာကြသူများလည်း ရှိပါသည်။ လမ်းပန်းဆက်သွယ် ရေးကောင်းမွန်မှုမရှိခြင်းကြောင့် မိုးတွင်းကာလများတွင် သွာလာရ ခက်ခဲပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ကျေးရွာတွင် မဟာဓါတ်အားလိုင်း ရရှိပြီဖြစ်သော်လည်း လျှပ်စစ်မီးလိုင်းသွယ်တန်းရန် အခက်အခဲရှိသော အိမ်ထောင်စုများမှာ ငွေကြေး အခက်အခဲများကြောင့်လည်းကောင်း ဆိုလာစနစ်ဖြင့်လည်းကောင်း ဖယောင်းတိုင်မီးဖြင့် လည်း ကောင်း သုံးစွဲကြပါသည်။ဆိုလာစနစ်ဖြင့် သုံးစွဲကြရသော အိမ်များမှာနေမပူသည့် ရက်များတွင် အသုံးမပြုနိုင်သည့်အတွက် မဟာဓါတ်အားလိုင်းအား အသုံးပြုနိုင်ရေးအတွက် အရစ်ကျပေးချေ စနစ်ဖြင့် လည်းကောင်း ငွေကြေးလျော့ပေါ့၍လည်းကောင်း စီစဉ်ပေးရန် လိုအပ်ပါသည်။

ကျွန်တော်တို့ရွာ ဆက်သွယ်ရေးတွင် ဖုန်း(၁၀၀)လုံးရှိပြီး တီဗွီ(၃၅)လုံး ၊ဂြိုလ်ထုစလောင်း (၂၂) ခု နှင့် ရေဒီယို (၄)လုံး ပိုင်ဆိုင်ကြပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးအတွက် တယ်လီဖုန်းကို အများဆုံးအသုံးပြုကြရပြီး ဖုန်းလိုင်းမကောင်းသဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ အားနည်းကြောင်းတွေ့ရှိရပါသည်။

(ည) **လူငယ် နှင့် ယဉ်ကျေးမှု။** ။ လူငယ်များ အပန်းဖြေရန် ပျော်ပွဲ ရွှင်ပွဲအနေ များမရှိပါ။ ရပ်ရေး၊ရွာရေး၊ ဘာသာရေးနှင့် လူမှုရေးပွဲများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု ရှိကြပါသည်။ ကျွန်တော်တို့ကျေးရွာလူငယ်အများစုသည် စာပေတတ်မြောက်မှုအားနည်းခြင်းကြောင့် ဗဟုသုတ အားနည်းပါးကြခြင်း၊လူငယ်တို့၏ အရေးပါပုံကို မသိရှိကြခြင်းကြောင့် လူငယ်အခွင့်အရေးများ ဆုံးရှုံးနေကြရပြီး အားလပ်ချိန်များတွင် စာဖတ်ခြင်း ပတ်ဝန်းကျင်စူးစမ်းလေ့လာခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည်။ ထို့ပြင် မိမိဒေသ အတွင်းအလုပ် အကိုင်ရှားပါးနေခြင်းကြောင့် ရပ်ဝေး များတွင် သွားရောက် စီးပွားရှာနေရခြင်းများကြောင့် လူငယ်များ စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည် စာကြည့်တိုက်များ လူငယ်ရိပ်သာများ၊လူငယ်အထူးပြုသော စာပေ ဟောပြောပွဲများများ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။

(ဋ္ဌ) **တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။** ။ ကျွန်တော်တို့ရွာအနီးတွင် ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများ မရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များလည်းမရှိပါ။ မူခင်းကာကွယ် တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများရှိသော်လည်း ကျေးရွာ အတွက် ပိုမိုထိရောက်သော လုံခြုံမှုရရှိစေရန်အတွက် ကျေးရွာအတွင်း၌ လုံခြုံရေး ဖွဲ့စည်းရန် လိုအပ်သည်ဟု မြင်မိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် ခိုးမှု၊ လုယက်မှု၊ အကြမ်းဖက်မှုများဖြစ်ပေါ်လာခြင်း အမျိုးသမီးများအတွက် လုံခြုံမှုအားနည်းလာခြင်းများ တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာနများမှ လုံခြုံရေးများ တင်းကြပ်ပေးခြင်း၊ မူးယစ် ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို နားလည်လာစေရန် ဟောပြော ပွဲများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်များ ပြုလုပ်ပေးခြင်း၊ လုံခြုံရေးအဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်းများ လိုအပ်လျက်ရှိပါသည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများ ရှိပြီး မြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ လမ်းမကြီးဘေးတွင် တည်ရှိသော ကျေးရွာဖြစ်သည့် အတွက် ဆက်သွယ်ရေး အသင့်တင့်ကောင်းမွန် သော ကျေးရွာ ဖြစ်ပါသည်။

**(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာသည် ကုန်းမြေတွင်ရှိသောကျေးရွာဖြစ်သည့်အတွက် မြေဧရိယာအရည်အသွေး ကောင်းမွန်မှုမရှိခြင်း ကြောင့် စပါးအထွက်နှုန်း နည်းပါးကြပါသည်။ ထို့ပြင်ကျေးရွာသည် မိုးရေနှင့် ချောင်းရေကို သာမှီခို အားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း နည်းပညာ၊ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီပြီးချိန် တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြ ရပါသည်။ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက်များလက်လှမ်း မမီခြင်း မှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ဦးဆောင်နိုင်သော အမျိုးသားများနည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသား အိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့် အတားများ ဖြစ်နေပါသည်။

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ**

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက် ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်သောသောက်သုံးရေ နှင့် လူမှုအခြေခံ အဆောက် အဦးများ လက်လှမ်းမီ တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

## (ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ် သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန်

အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

## (၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော

ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

### (က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

**(Functional Classification)**ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)
-

### (၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ သောက်သုံးရေ ရှိရေး | ၁။ စက်ရေတွင်းတူးဖော်ခြင်း | ၄၈ | ၁ | | |
| ၂။အခြေခံအဆောက်အဦ | ၂။ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း | ၃၇ | ၂ | | |
| | ၃။ ကွန်ကရစ်တံတားတည်ဆောက်ခြင်း | ၂၈ | ၃ | | |

## (ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | သောက်သုံးရေလုံလောက်စွာရရှိအောင်ဆောင်ရွက်ခြင်း<br>• စက်ရေတွင်းတူးဖော်ခြင်း | ၁ | | ✓ | ✓ | ✓ | ✓ |
| ၂ | လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း<br>• ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း<br>• ကျေးရွာတွင်းကွန်ကရစ်တံတားတည်ဆောက်ခြင်း | ၂<br>၃ | | | ✓ | ✓ | ✓ |

## (ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်း | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | သောက်သုံးရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း<br>• စက်ရေတွင်းတူးဖော်ခြင်း | | | ✓ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း<br>• ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း<br>• ကျေးရွာတွင်းကွန်ကရစ်တံတားတည်ေ ောက်ခြင်း | | | ✓ | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

**၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်း | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | တံတားပျက်စီးနေခြင်း | • အိုဟောင်းပြီးတံတားတိုင်များ ပျက်စီးနေသဖြင့် သွားလာရ အန္တရာယ်များခြင်း | • သဲ၊ ကျောက် ရနိုင်ခြင်း<br>• လုပ်အားပေးနိုင်ခြင်း<br>• လုပ်အားပါဝင်ကူညီနိုင်ခြင်း<br>• ရေရှည်တည်တံ့ခိုင်မြဲ အောင် စုပေါင်းထိန်းသိမ်း | • ငွေကြေးမတတ်နိုင်ကြခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• | • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ခြင်း<br>• ကျေးရွာမှ သဲ၊ ကျောက်၊ လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း | • ကွန်ကရစ်တံတား တည်ဆောက်ခြင်း |
| ၂။ | • မြေသားလမ်းဖြစ်၍ ဗွက်ထခြင်း၊ဖုန်ထခြင်း၊ချို့ ငွဲ့ခွက်များရှိခြင်း | • **မြေသားလမ်းဖြစ်ခြင်း**<br>• **နွေမိုးဆောင်းသွားလာ၍မရခြင်း**<br>• မြေများပြို၍ ဗွက်ထခြင်း | • သဲ၊ ကျောက် ရနိုင်ခြင်း<br>• လုပ်အားပေးနိုင်ခြင်း<br>• လုပ်အားပါဝင်ကူညီနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ကြခြင်း<br>• နည်းပညာ အားနည်းခြင်း<br>• လမ်းပြုပြင်ဆောင်ရွက်ရန် ယန္တရားငှါးရမ်းခမရှိခြင်း | • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ခြင်း<br>• လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း | • ကျောက်ချောလမ်းတည်ဆောက်ခြင်း |
| ၃။ | • သောက်သုံးရေလုံလောက်မှု မရှိခြင်း | • လူဦးရေနှင့် ရေတွင်းမညီမျှခြင်း<br>• နွေရာသီတွင် ရေများခမ်းခြောက်ခြင်း | • လုပ်အားရှိခြင် | • ငွေကြေးမတတ်နိုင်ကြခြင်း<br>• ကျောက်ဖျာခံခြင်း | • ကျေးလက်ဦးစီးဌာန ချိတ်ဆက်၍ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခြင်း<br>• ကျေးရွာမှ သဲ၊ ကျောက်၊ လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း | • စက်ရေတွင်း ရရှိအောင် ဆောင်ရွက်ခြင်း |

**အောင်ဇာနည်ကုန်းကျေးရွာ၊ နမ်းခမ်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသောင်းထူး | ဦးလှသိန်း | ၅/ဝသန(နိုင်)ဝ၃၁၃၈ | ၄၈ | အဖွဲ့ဝင် | ဝ၉-၆၈၁၉၆၄၄ဝ |
| ၂ | ဦးလှအောင် | ဦးစောမောင် | ၅/ဝသန(နိုင်)ဝဝဝ၉၄၁ | ၄၈ | အတွင်းရေးမှူး | ဝ၉-၆၇၃၂၆၉၂၇ |
| ၃ | ဒေါ်နှင်းနွယ်အေး | ဦးကျော်လင်းအောင် |  | ၁၈ | ဘဏ္ဍာရေးမှူး | ဝ၉-၆၉၄၆၉၃၅၉ |
| ၄ | ဒေါ်သူဇာမြင့် | ဦးမြင့်ဆွေ | ၇/မထက(နိုင်)ဝ၉၅ဝ၅၈ | ၃၈ | စာရင်းကိုင် | ဝ၉-၆၇၉၈၆၅၄၈၉ |
| ၅ | ဒေါ်ယဉ်ယဉ်လှ | ဦးဝင်းအောင် | ၅/ဝသန(နိုင်)ဝ၇၁၂၇၆ | ၃၂ | ဥက္ကဋ္ဌ(ဝယ်) | ဝ၉-၆၉၂၉၉၃ဝ၆၈ |
| ၆ | ဦးကျော်ဆန်းလင်း | ဦးမောင်ညို | ၅/ကသန(နိုင်)၁ဝ၂၄၂၄ | ၃၈ | အဖွဲ့ဝင် |  |
| ၇ | ဦးငွေလှိုင် | ဦးခင်မောင်ဦး | ၉/နထက(နိုင်)၁၃၅၂၈၂ | ၃၈ | ဥက္ကဋ္ဌ | ဝ၉-၆၈၆ဝ၂ဝ၉၉၇ |

## ရည်ညွှန်းချက်များ


၁။ စိုက်ပျိုးရေး၊ မွေးမြူရေး၊နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

## အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ | - အောင်ဇာနည်ကုန်းကျေးရွာ |
| ကျေးရွာအုပ်စု | - နမ်းခမ်းအုပ်စု |
| မြို့နယ် | - ဝန်းသိုမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - စစ်ကိုင်းတိုင်းဒေသကြီး |
| စီမံချက်အမည် - စက်ရေတွင်းတူးဖော်ခြင်း | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀၀ သိန်း(ငွေသား)<br>• (ငွေသား)<br>• .....(ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၂၂၉ | ၂၀၉ | ၄၃၈ | ၉ | ၃၆ | ၃၆ | ၁ | ၈၂ |
| အကျိုးခံစားမည့် ဦးရေ | ၂၂၉ | ၂၀၉ | ၄၃၈ | ၉ | ၃၆ | ၃၆ | ၁ | ၈၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

## စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ –၂၀၁၉ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀– ၂၀၂၁ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |